# မန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းလုပ်ငန်းဆိုင်ရာ နည်းဥပဒေ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | - |
| ၂ | အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | - |
| ၃ | အခန်း(၂) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခြင်း၊ လိုင်စင်ထုတ်ပေးခြင်း | ၂ | - |
| ၄ | အခန်း(၃) လိုင်စင်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေးများ | ၂ | ၃ |
| ၅ | အခန်း(၄) လုပ်ငန်းလိုင်စင်ရယူထားသော ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များ လိုက်နာရန်စည်းကမ်းချက်များ | ၃ | ၄ |
| ၆ | အခန်း(၅) လုပ်ငန်းခွင်မှ ဝန်ထမ်းအလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့်ကာကွယ်စောင့်ရှောက်ရန် စီမံဆောင်ရွက်ပေးခြင်း | ၄ | - |
| ၇ | အခန်း(၆) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၄ | - |
| ၈ | အခန်း(၇) အထွေထွေ | ၅ | - |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၅**

**၁၃၇၆ ခုနှစ်၊ တပေါင်းလဆုတ် ၁၄ ရက်**

**(၂၀၁၅ခုနှစ်၊ မတ်လ ၁၈ ရက်)**

**နိဒါန်း**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကျောက်မျက်ရတနာများ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၂၉၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်-

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေကို **မန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းလုပ်ငန်းဆိုင်ရာ နည်းဥပဒေ**များဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေတွင်ပါရှိသော စကားရပ်များသည် မန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့အပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေကိုဆိုသည်။

(ခ) **ကျောက်မျက်ရတနာအရိုင်း** ဆိုသည်မှာ သဘာဝအတိုင်းရှိနေသော ကျောက်မျက်ရတနာအရိုင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ခွဲစိတ်ဖြတ်တောက်ပြီးသော ကျောက်မျက်ရတနာအရိုင်းတုံး အပိုင်းအစများလည်း ပါဝင်သည်။

(ဂ) **အဆိုပြုလျှောက်ထားသူ** ဆိုသည်မှာ ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့် အရောင်းအဝယ်ပြုလုပ်ကိုင်ခွင့်ရရှိရန် အဆိုပြုလျှောက်ထားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(ဃ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေနှင့်အတူ ပူးတွဲပါရှိသည့် ပုံစံကို ဆိုသည်။

## အခန်း(၂)

## လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခြင်း၊ လိုင်စင်ထုတ်ပေးခြင်း

၃။ ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အချောထည်နှင့် လက်ဝတ်ရတနာ ပြုလုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားသူသည် ဝန်ကြီးဌာနသို့ ပုံစံ(မတလ-၁)ဖြင့် လျှောက်ထားရမည်။

၄။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၃ အရ လျှောက်ထားမှုအပေါ် နိုင်ငံသား ဟုတ်/မဟုတ် စိစစ်ခြင်း၊ တိုင်းအတွင်း နေထိုင်လုပ်ကိုင်သူ စိစစ်ခြင်းနှင့် လိုအပ်ပါက လုပ်ငန်းဆောင်ရွက်မည့်နေရာသို့ ဥပဒေပုဒ်မ ၁၀အရ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဖြင့် သွားရောက်စစ်ဆေးပြီး အဖွဲ့၏ သဘောထားမှတ်ချက်၊ စိစစ်တင်ပြချက်ဖြင့် ခွင့်ပြုသင့်/မသင့် ဆုံးဖြတ်ရမည်။

၅။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၃ အရ လျှောက်ထားသူအား နည်းဥပဒေ ၄ ဖြင့် ခွင့်ပြုသင့်ကြောင်း ဆုံးဖြတ်ပြီးပါက ပုံစံ(မတလ-၂)ဖြင့် ကျောက်မျက်ရတနာအချောထည်လုပ်ငန်းလိုင်စင် ထုတ်ပေးမည့်အကြောင်း အကြောင်းကြားရမည်။

၆။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဥပဒေပုဒ်မ ၄ အရ လိုင်စင်အမျိုးအစား၊ လိုင်စင်ခများကို အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်၍ သတ်မှတ်ရမည်။ လိုင်စင်သက်တမ်းကို (၁)နှစ်သတ်မှတ်သည်။

၇။ လျှောက်ထားသူသည် လိုင်စင်ထုတ်ပေးမည့်အကြောင်း အကြောင်းကြားစာရရှိပါက လုပ်ငန်းပမာဏအမျိုးအစားအလိုက် နည်းဥပဒေ ၆ အရ လုပ်ငန်းလိုင်စင် ခများကို ပေးသွင်းရမည်။

၈။ ဝန်ကြီးဌာနသည် လျှောက်ထားသူက သတ်မှတ်ထားသော လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်ခများ ပေးသွင်းပြီးပါက စည်းကမ်းချက်များ ပါရှိသော ပုံစံ(မတလ-၃)ဖြင့် လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၉။ ဝန်ကြီးဌာနသည် လိုင်စင်ထုတ်ပေးခွင့်ပြုရန်မသင့်ကြောင်း စိစစ်ဆုံးဖြတ်ပြီးပါက လုပ်ကိုင်ခွင့်ကို ငြင်းပယ်ကြောင်း လျှောက်ထားသူထံအကြောင်းကြားရမည်။

## အခန်း(၃)

## လိုင်စင်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေးများ

၁၀။ လိုင်စင်ရရှိသော ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည်-

(က) ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ အချောထည်လုပ်ငန်းကို မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်

ရတနာ အရိုင်းများဖြင့်သာ ဆောင်ရွက်ရမည်။

(ခ) ဥပဒေအခန်း(၄)ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ပြီး အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

## အခန်း(၄)

## လုပ်ငန်းလိုင်စင်ရယူထားသော ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များ လိုက်နာရန်စည်းကမ်းချက်များ

၁။ လိုင်စင်ရရှိသူသည် ကျောက်မျက်ရတနာအချောထည်ပြုလုပ်ရန် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရ ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရိုင်းများကိုသာ ဝယ်ယူရမည်။

၂။ လိုင်စင်တွင် ဖော်ပြခွင့်ပြုသည့်နေရာဒေသတွင်သာ လုပ်ကိုင်ရမည်။

၃။ ခွင့်ပြုလိုင်စင်သည် တည်နေရာတစ်ခု၊ လိုင်စင်တစ်ခုအတွက်သာဖြစ်ပြီး လုပ်ငန်းခွဲ၍ ဆောင်ရွက်လိုပါက ထပ်မံလျှောက်ထားရမည်။

၄။ မိမိရရှိထားသောလိုင်စင်ကို တစ်ဆင့်ငှားရမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်ခွင့်မပြုရ။

၅။ သတ်မှတ်ထားသောလိုင်စင်ခကို အပြည့်အဝပေးဆောင်ရမည်။

၆။ လိုင်စင်ရရှိသူသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်းနှင့် သွေးခြင်းဆိုင်ရာ ဥပဒေ၂၉(က)(ခ)တို့အရ ထုတ်ပြန်သည့် နည်းဥပဒေလုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းကမ်းချက်များကို လိုက်နာရမည်။

၇။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးလုပ်ကိုင်လိုပါက လိုင်စင်သက်တမ်း မကုန်ဆုံးမီ (၃)လ ကြိုတင်၍ လျှောက်ထားရမည်။

၈။ လိုင်စင်သက်တမ်းကာလကျော်လွန်ပြီး ဆက်လက်လုပ်ကိုင်ခြင်းမပြုရ။

၉။ လိုင်စင်သက်တမ်းကာလကျော်လွန်ပြီးနောက် လိုင်စင်သက်တမ်းတိုး လျှောက်ထားပါက အစိုးရအဖွဲ့က သတ်မှတ်သည့်ဒဏ်ကြေးငွေကိုပေးဆောင်ပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရမည်။

၁၀။ လုပ်ငန်းရပ်စဲလိုပါက မရပ်စဲမီ(၁)လကြိုတင်၍ ဝန်ကြီးဌာနသို့တင်ပြရမည်။

၁၁။ အစိုးရအဖွဲ့ သို့မဟုတ် ကော်မတီက ဥပဒေနှင့်အညီ ပြည်သူအကျိုးအတွက် ဆင့်ဆိုသော ဆင့်ဆိုချက်များကို လိုက်နာရမည်။

၁၂။ အစိုးရအဖွဲ့က ဥပဒေနှင့်အညီ တာဝန်ပေးအပ်သော ကော်မတီ၊ စစ်ဆေးရေး အဖွဲ့များအား အချိန်မရွေးစစ်ဆေးခွင့်ပြုရမည်။

## အခန်း(၅)

## လုပ်ငန်းခွင်မှ ဝန်ထမ်းအလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကာကွယ်စောင့်ရှောက်ရန် စီမံဆောင်ရွက်ပေးခြင်း

၁၁။ လိုင်စင်ရရှိသော ကုမ္ပဏီ၊ အဖွဲ့အစည်း၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်သည် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းစေရန်နှင့် ကာကွယ်စောင့်ရှောက်ရန် အောက်ပါအတိုင်း စီမံဆောင်ရွက် ထားရှိရမည်-

(က) လုပ်ငန်းလုပ်ဆောင်ရာတွင် အလုပ်သမား၊ ဝန်ထမ်း၊ အခြားပုဂ္ဂိုလ်များ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လိုအပ်သလို စီမံရေးဆွဲ၍ ကြိုတင်ဆောင်ရွက်ထား ရမည်။

(ခ) လုပ်ငန်းခွင်ဝန်ထမ်းများနှင့် ပတ်ဝန်းကျင်တို့ကို ကျန်းမာရေးထိခိုက်မှုမရှိစေရေး ကြိုတင်စီမံဆောင်ရွက်ထားရမည်။

(ဂ) လုပ်ငန်းခွင်တာဝန်ထမ်းဆောင်ချိန်တွင် မတော်တဆထိခိုက်ဒဏ်ရာရရှိပါက အဆိုပါ ဝန်ထမ်း၊ အလုပ်သမားများ ဆေးဝါးကုသမှုဆိုင်ရာ ကုန်ကျစရိတ်များ ကျခံသုံးစွဲ ခြင်းနှင့် သေဆုံးခဲ့လျှင် တည်ဆဲအလုပ်သမားဥပဒေနှင့်အညီ လျော်ကြေးငွေပေးလျော် ခြင်းတို့ကို စနစ်တကျ စီမံဆောင်ရွက်ရမည်။

(ဃ) ဝန်ထမ်းများ၊ အလုပ်သမားများ၏ကျန်းမာရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေးအပြင် သက်သာ ချောင်ချိရေး၊ လုပ်ငန်းခွင် ပျော်ရွှင်ရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ် များကိုလည်း ကြိုတင်စီမံဆောင်ရွက်ရမည်။

## အခန်း(၆)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၂။ အစိုးရအဖွဲ့သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်နိုင်ရန် ကော်မတီ သို့မဟုတ် အခြားအဖွဲ့အား တာဝန်လွှဲအပ်နိုင်သည်။

၁၃။ စိစစ်ဆောင်ရွက်ခြင်းကို ကော်မတီဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် (၇) ဦး ပါဝင်သည့်အဖွဲ့ဖြင့် ဆောင်ရွက်ပြီး လိုအပ်ပါက အစိုးရအဖွဲ့ထံ တင်ပြနိုင်သည်။

## အခန်း(၇)

## အထွေထွေ

၁၄။ အစိုးရအဖွဲ့သည် ကျောက်မျက်ရတနာဈေးများအတွင်း အများပြည်သူ အကျိုးငှာ လိုအပ်သလို စီစဉ် ဆောင်ရွက်နိုင်သည်။

၁၅။ ဤဥပဒေအရ တရားစွဲခံရသောအမှုများကို ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်လွှဲအပ်ထားသော ပုဂ္ဂိုလ်ကသာ တရားစွဲဆိုရမည်။

အမိန့်အရ

သစ်တောနှင့်သတ္တုဝန်ကြီး

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပုံစံ(မတလ-၁)

# လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လျှောက်လွှာ

(မန္တလေးတိုင်းဒေသကြီး၊ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ နည်းဥပဒေ-၃)

သို့

| လိုင်စင်ဓါတ်ပုံ |
|---|

သစ်တောနှင့်သတ္တုဝန်ကြီးဌာန

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

မန္တလေးမြို့

အကြောင်းအရာ။ **ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ အချောထည်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခြင်း**

၁။ ကျွန်တော်/ကျွန်မ ဦး/ဒေါ်---------------------သည် ကျောက်မျက် ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ အချောထည်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လိုပါသဖြင့် လိုင်စင်ခွင့်ပြုနိုင်ပါရန် အောက်ဖော်ပြပါအတိုင်း လျှောက်ထားအပ်ပါသည်-

(က) အမည် ------------------------------------------

(ခ) အမျိုးသားမှတ်ပုံတင်အမှတ် ------------------------------------------
နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ------------------------------------------

(ဂ) အဘအမည် ------------------------------------------

(ဃ) လက်ရှိနေရပ်လိပ်စာအပြည့်အစုံ ------------------------------------------
------------------------------------------
-
------------------------------------------

(င) လုပ်ငန်းလုပ်ကိုင်မည့်နေရပ်လိပ်စာ ------------------------------------------
------------------------------------------
------------------------------------------

(စ) ထုတ်လုပ်မည့်ကျောက်မျက်ရတနာ
အချောထည်အမျိုးအစားများ ------------------------------------------

(ဆ) ရယူလိုသည့် လိုင်စင်အမျိုးအစားများ-
(၁) တစ်ပိုင်တစ်နိုင်လုပ်ငန်းလိုင်စင်------------------------------------------
(၂) အသေးစားလုပ်ငန်းလိုင်စင် ------------------------------------------

(၃) အကြီးစားလုပ်ငန်းလိုင်စင် ---------------------------------------------

(ဇ) လိုင်စင်သက်တမ်းကာလ-------------- မှ ----------------ထိ ( )နှစ်။

(ဈ) လုပ်ငန်း၏စုစုပေါင်းခန့်မှန်းတန်ဖိုး ---------------------------------------------

(ည) လုပ်ငန်းသုံးစက်ကိရိယာများနှင့်အရေအတွက်။

(၁) လျှပ်စစ်သုံးမော်တာ(K.W) ---------------------------------------------

(၂) အင်ဂျင်စက်(H.P) ---------------------------------------------

(ဋ) ပညာရှင်နှင့်လုပ်သားဦးရေ ---------------------------------------------

(ဌ) အသုံးပြုမည့် (ကုန်ကြမ်း)
ကျောက်အမျိုးအစားနှင့်ပမာဏ ---------------------------------------------

(ဍ) ပေးသွင်းမည့်လိုင်စင်ခ ---------------------------------------------

(ဎ) ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံ ပူးတွဲတင်ပြအပ်ပါသည်။

၂။ လျှောက်ထားသူ ကျွန်တော်/ကျွန်မ ဦး/ဒေါ် --------------------သည် မန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လိုင်စင်စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တိုင်းဒေသကြီးအစိုးရမှ အမိန့်၊ ညွှန်ကြားချက်များ၊ သတ်မှတ်ထားသည့် စည်းကမ်းချက်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြု လျှောက်ထားအပ်ပါသည်။

လျှောက်ထားသူ

လက်မှတ် ----------------------------

အမည် ----------------------------

မှတ်ပုံတင်အမှတ်------------------------

အဘအမည် ----------------------------

နေရပ်လိပ်စာ ----------------------------

အပြည့်အစုံ ----------------------------

ဆက်သွယ်ရန်ဖုန်း------------------------

လက်ကိုင်ဖုန်း -------------------------

ပုံစံ (မတလ-၂)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## ကျောက်မျက်ရတနာအရောင်းအဝယ်ဆိုင်လုပ်ငန်းလိုင်စင်ထုတ်ပေးမည့်အကြောင်း အကြောင်းကြားစာ

(မန္တလေးတိုင်းဒေသကြီးကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ နည်းဥပဒေ-၅)

သို့

----------------------

----------------------

----------------------

အကြောင်းအရာ။ **ကျောက်မျက်ရတနာအရောင်းအဝယ်ဆိုင်လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးမည့် အကြောင်း အကြောင်းကြားခြင်း**

၁။ ဦး/ဒေါ်---------------(အမျိုးသားမှတ်ပုံတင်အမှတ်-----------------) လျှောက်ထားသော ကျောက်မျက်ရတနာအရောင်းအဝယ်ဆိုင်လုပ်ငန်းအား တစ်ပိုင်တစ်နိုင်လုပ်ငန်း၊ အသေးစားလုပ်ငန်း၊ အကြီးစားလုပ်ငန်းလိုင်စင် ထုတ်ပေးရန် ( )ရက်နေ့ကျင်းပသော အစိုးရအဖွဲ့၏ ( )ကြိမ်မြောက် အစည်းအဝေးက ဆုံးဖြတ်သဘောတူခွင့်ပြုပြီးဖြစ်ပါသည်။

၂။ အဆိုပါလိုင်စင်အတွက် လုပ်ကိုင်ခွင့်သက်တမ်းမှာ( )မှ ( )ထိ ( )နှစ်ဖြစ်ပြီး၊ အစိုးရအဖွဲ့က သတ်မှတ်သည့်လိုင်စင်ခမှာ ကျပ်(-----------) (ကျပ်----------------------------) တိတိ ဖြစ်သည်။ ၎င်းလိုင်စင်ခကို ဤအမှာစာ ထုတ်ပြန်သည့်နေ့မှ တစ်လ( )ရက်အတွင်း ပေးသွင်းရမည်။ ပေးသွင်းခြင်းမပြုပါက လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ထုတ်ပေးမည်မဟုတ်ပါ။

၃။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ သတ်မှတ်ရက်အတွင်း လိုင်စင်ခများ ပေးသွင်းပြီး လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်အား ထုတ်ယူနိုင်ပါကြောင်း အကြောင်းကြား ပါသည်။

**သစ်တောနှင့်သတ္တုဝန်ကြီး**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

ပုံစံ(မတလ-၃)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**သစ်တောနှင့်သတ္တုဝန်ကြီးဌာန**

**မန္တလေးမြို့**

| |
|---|
| လိုင်စင်<br>ဓါတ်ပုံ |

**ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ**

**အချောထည်လုပ်ငန်းလိုင်စင်**

(မန္တလေးတိုင်းဒေသကြီးကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ နည်းဥပဒေ-၈)

လိုင်စင်အမှတ်-------------- ရက်စွဲ၊----------------------

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာအချောထည်လုပ်ငန်း ဥပဒေပုဒ်မ(၅)နှင့် နည်းဥပဒေပုဒ်မ (၈) တို့အရ အောက်ဖော်ပြပါကုမ္ပဏီ၊ အဖွဲ့အစည်း/အသင်း သို့မဟုတ် ပုဂ္ဂိုလ်အား ကျောက်မျက်ရတနာအချောထည် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုလိုက်သည်-

(က) အမည် ----------------------------------------

(ခ) အမျိုးသား/နိုင်ငံသားမှတ်ပုံတင်အမှတ် ----------------------------------------

(ဂ) ကုမ္ပဏီ/အသင်း/အဖွဲ့အစည်းဖြစ်ပါက-

(၁) အမည် ၊--------------------------------------

(၂) မှတ်ပုံတင်အမှတ် ၊--------------------------------------

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်အမျိုးအစား

(၁) တစ်ပိုင်တစ်နိုင်လုပ်ငန်း၊ ---------------------------------------

(၂) အသေးစားလုပ်ငန်း ၊--------------------------------------

(၃) အကြီးစားလုပ်ငန်း ၊--------------------------------------

(င) လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်နေရာ/လိပ်စာ ------------------------------------------
-- ------------------------------------------

(စ) ထုတ်လုပ်မည့်ကျောက်မျက်ရတနာ ------------------------------------------

အချောထည်အမျိုးအမည် ------------------------------------------

(ဆ) လုပ်ငန်းလိုင်စင်ခပေးဆောင်သည့်ငွေရပြေစာအမှတ်

နှင့် ရက်စွဲ ----------------------------------------

(ဇ) လိုင်စင်သက်တမ်း ( )နှစ်၊ ( )မှ( )ထိ

၂။ လိုင်စင်ရရှိသူသည် ထုတ်ပြန်ထားသော မန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်းနှင့် သွေးခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် နောက်ဆက်တွဲပါ စည်းကမ်းချက်ကို လိုက်နာရမည်။

**သစ်တောနှင့်သတ္တုဝန်ကြီး**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

ပုံစံ(မတလ-၃)

နောက်ဆက်တွဲ

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာအရောင်းအဝယ်**

**လုပ်ငန်းလိုင်စင်ရယူထားသော ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များ**

**လိုက်နာရန်စည်းကမ်းချက်များ**

၁။ လိုင်စင်ရရှိသူသည် ကျောက်မျက်ရတနာအရောင်းအဝယ်ပြုလုပ်ရန် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရိုင်းများကိုသာ ဝယ်ယူရမည်။

၂။ လိုင်စင်တွင် ဖော်ပြခွင့်ပြုသည့်နေရာဒေသတွင်သာ လုပ်ကိုင်ရမည်။

၃။ ခွင့်ပြုလိုင်စင်သည် တည်နေရာတစ်ခု၊ လိုင်စင်တစ်ခုအတွက်သာဖြစ်ပြီး လုပ်ငန်းခွဲ၍ ဆောင်ရွက်လိုပါက ထပ်မံလျှောက်ထားရမည်။

၄။ မိမိရရှိထားသောလိုင်စင်ကို တစ်ဆင့်ငှားရမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်ခွင့်မပြုရ။

၅။ သတ်မှတ်ထားသော လိုင်စင်ခကို အပြည့်အဝပေးဆောင်ရမည်။

၆။ လိုင်စင်ရရှိသူသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်းနှင့် သွေးခြင်းဆိုင်ရာဥပဒေ ၂၉(က)(ခ)တို့အရ ထုတ်ပြန်သည့် နည်းဥပဒေလုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းကမ်းချက်များကို လိုက်နာရမည်။

၇။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးလုပ်ကိုင်လိုပါက လိုင်စင်သက်တမ်း မကုန်ဆုံးမီ (၃)လ ကြိုတင်၍ လျှောက်ထားရမည်။

၈။ လိုင်စင်သက်တမ်းကာလကျော်လွန်ပြီး ဆက်လက်လုပ်ကိုင်ခြင်းမပြုရ။

၉။ လိုင်စင်သက်တမ်းကာလကျော်လွန်ပြီးနောက် လိုင်စင်သက်တမ်းတိုး လျှောက်ထားပါက အစိုးရအဖွဲ့က သတ်မှတ်သည့်ဒဏ်ကြေးငွေကို ပေးဆောင်ပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရမည်။

၁၀။ လုပ်ငန်းရပ်စဲလိုပါက မရပ်စဲမီ (၁)လကြိုတင်၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၁။ အစိုးရအဖွဲ့ သို့မဟုတ် ကော်မတီက ဥပဒေနှင့်အညီ ပြည်သူအကျိုးအတွက် ဆင့်ဆိုသော ဆင့်ဆိုချက်များကို လိုက်နာရမည်။

၁၂။ အစိုးရအဖွဲ့က ဥပဒေနှင့်အညီ တာဝန်ပေးအပ်ထားသော ကော်မတီ၊ စစ်ဆေးရေးအဖွဲ့များအား အချိန်မရွေးစစ်ဆေးခွင့်ပြုရမည်။

**သစ်တောနှင့်သတ္တုဝန်ကြီးဌာန**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**